ပညာရေးဝန်ကြီးဌာန

# ပညာရေးသတင်းလွှာ

အတွဲ(၂၄)၊ အမှတ်(၂၁) ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁ရက် နံနက် ၉ နာရီ၁၅ တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသည်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးက ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံရာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းပိတ်ထားရသော်လည်း ကျောင်းများပြန်ဖွင့်သည်နှင့် ပညာသင်ယူမှုအခွင့်အလမ်းကိုအရယူကာ ကျောင်းတက်လာကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မကြိုးစားဘဲအောင်မြင်မှုမရနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဂရုစိုက်၍ ယခုကျောင်းပြန်ဖွင့်ချိန်ကစပြီး ပညာရည်တိုးတက်အောင် ရည်မှန်းချက်မပျောက်အောင်၊ ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ ပညာသင်ကြားပေးသည့် ဆရာဆရာမများနှင့် မိဘများအပေါ် ရိုသေလေးစား၍ကျေးဇူးတရားများ သိတတ်သည့် နိုင်ငံအတွက် အားထားရသော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း၊ ဆရာဆရာမများအနေဖြင့်လည်း အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသားကျောင်းသူများ ပညာအရည်အသွေးတိုးတက်ရေး၊ ထူးချွန်ထက်မြက်ရေးအတွက် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း၊ ကျောင်းဖွင့်ကာလအတွင်း ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်ချက်အခက်အခဲများရှိပါက တင်ပြကြရန်နှင့် လိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်ကြားနေဆဲသိပ္ပံသင်ခန်းစာများနှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီးက English ဘာသာရပ်သင်ကြားသင်ယူမှုနှင့်ပတ်သက်၍လည်းကောင်း ကျောင်းသားကျောင်းသူများအား ဆွေးနွေးမေးမြန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘာသာရပ်ဆိုင်ရာသင်ကြားသင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ဘာသာရပ်ဆိုင်ရာသင်ကြားသင်ယူနေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို လမ်းညွှန်မှာကြားသည်။



ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်း ကျဆင်းနေပြီဖြစ်သောကြောင့် ယနေ့ နိုဝင်ဘာ ၁ရက်နေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်ကိုးခုမှနယ်စပ်ဒေသရှိ မြို့နယ် ၄၆ မြို့နယ်ရှိ စာသင်ကျောင်းများမှလွဲ၍ ကျန်မြို့နယ်များအားလုံးရှိ စာသင်ကျောင်းများ(ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ရာ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ပညာရေး)

## ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၃



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် နိုဝင်ဘာ ၃ ရက် နေ့လယ် ၁၂ နာရီခွဲတွင် မန္တလေးတက္ကသိုလ် အင်းဝဆောင်ခန်းမ၌ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာဆရာမများနှင့်တွေ့ဆုံဆွေးနွေးရာ စက်တင်ဘာ ၇ ရက်နေ့က ကျင်းပသည့် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပညာရေးကဏ္ဍမြင့်မားရေးအတွက် တက္ကသိုလ်ကောလိပ်ကျောင်းများကို အရည်အသွေးရှိအောင် ဆောင်ရွက်ရန်နှင့် စာကြည့်တိုက်များကိုလည်း စနစ်တကျအဆင့်မြှင့်တင်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း။ သို့ဖြစ်၍ သင်ကြားသင်ယူရေးနှင့်သုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန် တက္ကသိုလ်စာကြည့်တိုက်များတွင် စာကြည့်တိုက်မှူး၊ လက်ထောက်စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက် အရာထမ်းအမှုထမ်းများ ပြည့်စုံအောင်ခန့်ထားရေး၊ စာအုပ်စာတမ်းများ၊ ပရိဘောဂများပြည့်စုံစွာ ဖြည့်တင်းရေး၊ ဒီဂျစ်တယ်စာကြည့်တိုက်စနစ်သို့ အဆင့်ဆင့်ကူးပြောင်းရေးနှင့် စာဖတ်သူများ၊ စာငှားသူများ စာကြည့်တိုက်ကို စိတ်ချမ်းမြေ့စွာ အသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်သောရန်ပုံငွေများကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြ၊ ဆရာဆရာမများကို နိုဝင်ဘာ ၈ ရက်နေ့မှစတင်ကာ တာဝန်ကျရာ တက္ကသိုလ်အသီးသီးတွင် သင်ပြနည်းဆိုင်ရာ ပညာရေးဘာသာရပ် ၃ ခုနှင့် ဌာနတွင်းဘာသာရပ်မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးရာတွင်လည်း စေတနာထား၍ လေ့ကျင့်ပျိုးထောင်ပေးကြစေလိုပါကြောင်း၊ ရာထူးအဆင့်ဆင့်တွင် ရာထူးတိုးမြှင့်ခန့်ထားပေးလျက်ရှိရာ ရာထူးအလိုက် ရှိသင့်သော အရည်အသွေးကောင်းများကို အမြဲမပြတ်ဆည်းပူးလေ့လာမြှင့်တင်နေကြရမည်ဖြစ်ပါကြောင်း၊ သုတေသနသုံး၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရေးအတွက် ရန်ပုံငွေများတောင်းခံကာ ဆက်လက်ပံ့ပိုးပေး သွားမည်ဖြစ်ပါကြောင်းဖြင့်ပြောကြားခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရာထူးတိုးမြှင့်ခန့်ထားသော ဆရာ ဆရာမများနှင့် အသစ်ခန့်ထားသော နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (ပညာရေး)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အသစ်ခန့်အပ်သည့် နည်းပြ သရုပ်ပြ ဆရာဆရာမသစ်လွင်များ ကြိုဆိုပွဲနှင့်မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈





မိတ္ထီလာတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့၌ နည်းပြသရုပ်ပြ ဆရာဆရာမသစ်လွင်များကြိုဆိုပွဲနှင့်မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်များရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အသစ်ခန့်အပ်သည့် နည်းပြသရုပ်ပြ ဆရာဆရာမသစ်လွင်များအား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပညာရေးအဆင့်မြှင့်တင်ရေး ဆောင်ရွက်ရန်၊ ဆရာဆရာမများ အရည်အသွေးမြှင့်တင်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတော်တွင်ပညာတတ်များပေါ်များ အောင်ဆောင်ရွက်ရန် အမြဲလမ်းညွှန်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အသစ်ခန့်အပ်ခံရသည့် ဆရာဆရာမများအား စီမံခန့်ခွဲရေးသင်တန်း၊ သင်ပြနည်းအပါအဝင် ပညာရေးဘာသာရပ် သုံးဘာသာ မွမ်းမံသင်တန်းနှင့်သက်ဆိုင်ရာ ဘာသာရပ်မွမ်းမံသင်တန်းများကို တစ်လကြာဖွင့်လှစ်ကာ ဆရာဆရာမသစ်လွင်များအား အရည်အသွေးမြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ဆရာဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာဘာသာရပ်ကို သင်ကြားပေးရုံသာမက ကျောင်းသားကျောင်းသူများကလည်း မင်္ဂလာတရား၊ ဂါရဝတရားနှင့်အညီ ပြောဆိုဆက်ဆံတတ်ရေး မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ ဆက်လက်ထိန်းသိမ်းစေရေးအတွက်လည်း အလေးထားဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ လူတိုင်းစည်းကမ်းလိုက်နာမှတိုးတက်မည်ဖြစ်၍ ကျောင်းသားကျောင်းသူများ စည်းကမ်းကောင်းမွန်အောင် လေ့ကျင့်ပေးစေလိုပါကြောင်း၊ ဆရာများသည်ထာဝရ ဆရာများဖြစ်သကဲ့သို့ ထာဝရစေတနာ့ဝန်ထမ်းများလည်းဖြစ်သဖြင့် မိမိတို့ထက်အသိပညာ အတတ်ပညာ အတွေ့အကြုံပိုမိုရင့်ကျက်သော ဆရာကြီးဆရာမကြီးများအပေါ် ဂါရဝတရားရှေ့ထား၍ လေးစားစွာပြုမူဆက်ဆံကြရမည်ဖြစ်ပါကြောင်း၊ ဆရာများအနေဖြင့် မိမိကိုယ်ကို ထာဝရကျောင်းသားကြီးများအဖြစ်ခံယူ၍ အမြဲမပြတ်သင်ယူဆည်းပူးလေ့လာနေရမည်ဖြစ်ပါကြောင်း၊ ဆရာများကိုယ်တိုင် စံပြထူးချွန်ထက်မြက်နေမှသာ တပည့်များကိုလည်း ထူးချွန်ထက်မြက်အောင် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းအချိန်ကာလတိုတောင်းသော်လည်း အခွင့်အရေးကို ရယူအသုံးချလျက် မိမိ၏အရည်အသွေးကို မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း၊ ကြိုးစားသင်ယူ၍ မိမိကိုယ်ကို အရည်အသွေးမြှင့်တင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဆရာသည် စာများများဖတ်ရန်လိုအပ်ပြီး စာကြည့်တိုက်၊ အင်တာနက် စသည်များတွင် မိမိတို့ကိုယ်တိုင်လေ့လာပြီး တပည့်များကိုလည်း သင်ကြားလေ့ကျင့်ပေးစေလိုပါကြောင်း၊ မိမိတို့တပည့်များအား တစ်ချိန်တွင်မိမိတို့နေရာ၌ လက်ဆင့်ကမ်းပေးခဲ့ကြရမည်ဖြစ်၍ ယခုကတည်းက အရည်အသွေးရှိအောင်သင်ကြားပေးကြစေလိုပါကြောင်း၊ လူငယ်များကို ရိုးသားကြိုးစားပြီး လောကကိုအလှဆင်နိုင်သူများဖြစ်အောင် ပျိုးထောင်ပေးစေလိုပါကြောင်း၊ မည်သည့်ခွဲခြားမှုမျှမရှိစေဘဲ သင်ယူမှုအခွင့်အလမ်းတစ်ပြေးညီရရှိအောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လူတိုင်းတွင် အရည်အချင်းတစ်ခုစီရှိ၍တန်ဖိုးရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးမိသားစုများအနေဖြင့် အကြီးနှင့်အငယ် ဆရာနှင့်တပည့်စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး

ဆက်ဆံရာတွင် အပြန်အလှန် လေးစား တန်ဖိုးထားဆက်ဆံကြ၍ ပညာရေး လုပ်ငန်းများကို ဝိုင်းဝန်းလက်တွဲဆောင် ရွက်ကြစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာဆရာမများ အနေဖြင့် ကျောင်းသားကျောင်းသူ များအား စာတတ်အောင်သင်ကြားပေး နိုင်သည့် စာသင်ကောင်းသော ဆရာ ဆရာမများဖြစ်လာစေရန် ကြိုးစားကြစေ လိုပါကြောင်းစသည်ဖြင့် ပြောကြား သည်။

ယင်းနောက် ပညာရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်း၊ အဆင်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်းနှင့်ပါမောက္ခချုပ်များက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မိတ္ထီခရိုင်အုပ်ချုပ် ရေးမှူး ဦးဇော်ဇော်ဦးက နည်းပြသရုပ်ပြ ဆရာဆရာမသစ်လွင်များအား မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်ငွေ များကို ထောက်ပံ့ပေးအပ်ရာ ဝိဇ္ဇာသိပ္ပံ ဘာသာရပ်ကိုယ်စားလှယ် ကျောင်းသား ကျောင်းသူများက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း



(ရှမ်းတဲ)သို့သွားရောက်၍ ကျောင်းဝင်း အတွင်းရှိ ကျောင်းဆောင်များ၊ သိပ္ပံ လက်တွေ့ခန်း၊ စာကြည့်တိုက်၊ ဆရာနား နေဆောင်၊ ရေသန့်စက်စသည်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများနှင့် မကြာခင်က ရာထူးတိုးမြှင့်ခန့်ထားခြင်း ခံရသည့် ဆရာဆရာများနှင့်တွေ့ဆုံ၍ တက္ကသိုလ်များပြန်ဖွင့်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ပညာတတ်လူငယ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးကြရန် မှာကြားသည်။

ယင်းနောက် တက်ရောက်လာ သည့် ဆရာဆရာမများကသိလိုသည် များမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်သက်ဆိုင်ရာ တာဝန် ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြား ခဲ့သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် မိတ္ထီလာပညာရေးဒီဂရီ ကောလိပ်သို့သွားရောက်ကြည့်ရှု၍ အဆောက်အအုံများမွမ်းမံတည်ဆောက် ရေးနှင့် လိုအပ်ချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အသစ်ခန့်အပ်သည့် နည်းပြ သရုပ်ပြ ဆရာဆရာမသစ်လွင်များ မွမ်းမံသင်တန်းကို နိုဝင်ဘာ ၈ ရက်နေ့မှ စ၍ တစ်လကြာဖွင့်လှစ်သွားမည်ဖြစ် ကြောင်း သိရသည်။ (ပညာရေး)

## လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း၊ Pre-service Primary Teacher Training PPTT(7/2020) သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ဆရာအတတ်ပညာဦးစီးဌာန
လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း၊
**Pre-service Primary Teacher Training PPTT(7/2020)** သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း
အသိပေးကြေညာခြင်း

ပညာရေးဝန်ကြီးဌာန ပညာရေးဒီဂရီကောလိပ်များ၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း Pre-service Primary Teacher Training PPTT(7/2020) တက်ရောက်ရမည့်သူများစာရင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များ၌ သင်တန်းတက်ရောက်ရန်စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေအရ ခေတ္တဆိုင်းငံ့ထားခဲ့ရပါသည်။ အဆိုပါ ရွေးချယ်ထားသော PPTT(7/2020) သင်တန်းသားများ သည် သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၁၅) ရက်နေ့မှစ၍ တက်ရောက်ကြရမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆရာအတတ်ပညာဦးစီးဌာန

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တောင်ငူတက္ကသိုလ်၊ တောင်ငူပညာရေးဒီဂရီကောလိပ်တို့၌ အသစ်ခန့်အပ်သည့် တက္ကသိုလ်နည်းပြ၊ သရုပ်ပြသစ်လွင်များ၊ အခြေခံပညာ ဆရာဆရာမသစ်လွင်များနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁






တောင်ငူတက္ကသိုလ်နှင့် တောင်ငူပညာရေးဒီဂရီကောလိပ်တို့၌ အသစ်ခန့်အပ်သော တက္ကသိုလ်နည်းပြ၊ သရုပ်ပြ ဆရာဆရာမသစ်လွင်များ၊ အခြေခံပညာ ဆရာ ဆရာမသစ်လွင်များနှင့် တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်ရှိ ဘွဲ့နှင်းသဘင်ခန်းမနှင့် မြတ်ပညာခန်းမတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များတွင် မွမ်းမံသင်တန်းတက်ရောက်နေကြသည့် အသစ်ခန့်အပ်သည့် နည်းပြ၊ သရုပ်ပြဆရာဆရာမသစ်လွင်များနှင့် အခြေခံပညာ ဆရာဆရာမ သစ်လွင်များအား ပညာရေးဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ဆရာဆရာမသစ်လွင်များ ခန့်ထားနိုင်ခြင်းအတွက်များစွာ ဝမ်းမြောက်ရကြောင်း ပြောကြားခဲ့ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်လာသည့်အလျောက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာကြရမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စီမံရေးရာကိစ္စရပ်များကို ယခုသင်တန်းတွင်လေ့လာခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်၍ ပါတီနိုင်ငံရေးကင်းရှင်းကြရမည်ဖြစ်ပြီး မည်သည့်အစိုးရတက်တက် နိုင်ငံအရေးဖြစ်သော ပညာရေးတိုးတက်အောင် ဆောင်ရွက်ရမည်မှာ ပညာရေးဝန်ထမ်းဆရာဆရာမများပင်ဖြစ်ပါကြောင်း၊ ဆရာဆရာမများသည် နိုင်ငံတော်အပေါ် သစ္စာရှိကြရမည်ဖြစ်ပါကြောင်း၊ ဆရာဆရာမဆိုသည်မှာ မိမိကိုယ်ကို ထာဝရကျောင်းသားကြီးအဖြစ်သတ်မှတ်၍ အမြဲတမ်းလေ့လာ သင်ယူနေကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင် သေသေချာချာတတ်ကျွမ်းမှ ကျောင်းသားကျောင်းသူများကို စာတတ်အောင် သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတွင် ပညာတတ်များပေါ်များအောင်ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ မေးသမျှမှန်မှန်ကန်ကန်ဖြေနိုင်အောင် မိမိတို့ကိုယ်တိုင် တကယ်သိအောင်၊ တကယ် တတ်အောင်လေ့လာ၍ စေတနာအပြည့်ထားကာ သင်ကြားပေးစေလိုပါကြောင်း၊ ဆရာဆရာမများသည် တာဝန်ကျရာဒေသတွင် တွေ့ကြုံရသည့်တပည့်များကို ဆင်းရဲချမ်းသာခွဲခြားမှုမရှိဘဲ သင်ယူမှုအခွင့်အလမ်းများ









စာ− ၆ မှ

တစ်ပြေးညီရရှိအောင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ကျောင်းသားကျောင်းသူများအား ရိုးသားကြိုးစားပြီး လောကကိုအလှဆင်နိုင်သူ၊ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နိုင်သူများဖြစ်အောင် ပျိုးထောင်မွေးထုတ်ပေးကြစေလိုပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာဆရာမများအနေဖြင့် စာများများဖတ်ရန်တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဆရာဆရာမအလုပ်သည် အလွန်မွန်မြတ်သောအလုပ်ဖြစ်ပါကြောင်း၊ အနန္တဂိုဏ်းဝင်ဆရာများဖြစ်သည်နှင့်အညီ အဝတ်အစား၊ အပြောအဆို၊ အနေအထိုင်ကို ဆရာ့ကျင့်ဝတ်နှင့်အညီ ပြုမူကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်ညွှန့်က တောင်ငူတက္ကသိုလ်ဖွဲ့စည်းပုံကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အသစ်ခန့်အပ်သည့် နည်းပြ၊ သရုပ်ပြနှင့်အခြေခံပညာ ဆရာဆရာမ သစ်လွင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း) သို့သွားရောက်၍ စာသင်ခန်းအတွင်း ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကာလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူတက္ကသိုလ်တွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ရာထူးတိုးမြှင့်ခန့်ထားခံရသော ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့်တွေ့ဆုံ၍ ဒီဇင်ဘာလတွင် တက္ကသိုလ်အတန်းများကို အဆင့်လိုက်စတင် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို အလေးထားဆောင်ရွက်စေလိုပါကြောင်း၊ ပါမောက္ခ(ဌာနမှူး)များအနေဖြင့် ကိုယ်ချင်းစာတရားဖြင့် စီမံအုပ်ချုပ်စေလိုပါကြောင်း၊ အားလုံးသည် ပညာရေးတိုးတက်အောင် ဆောင်ရွက်နေကြသည့် လက်တွဲဖော်ပညာရေးဝန်ထမ်းများဖြစ်၍ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း၊ တက္ကသိုလ်စာကြည့်တိုက်တွင် စာအုပ်များ၊ ပရိဘောဂများ ပြည့်စုံအောင်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို အမှန်တကယ်အကျိုးရှိ ထိရောက်စွာ သုံးစွဲကြစေလိုပါကြောင်း၊ ကျောင်းသားကျောင်းသူများအား လက်တွေ့ကိုင်တွယ်သုံးစွဲတတ်အောင် လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာဆရာမများက သိရှိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

(ပညာရေး)

**သင်ကြားသင်ယူမှုအထောက်အကူပြုမီဒီယာအရင်းမြစ်များကို −** http://www.dae.edu.mm, https://memr.moe.edu.mm, https://www.youtube.com/channel/UChGaOLaNOD0wsfLTS18_OWg (DAE-Myanmar School Education Lessons) **တွင် လေ့လာနိုင်ပါသည်။**

## တောင်ကြီးပညာရေးဒီဂရီကောလိပ်၌ နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် ဆရာ ဆရာမသစ်လွင်များ ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၀



ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် အခြေခံပညာ ဆရာ ဆရာမသစ်လွင်များအား ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက်က တောင်ကြီးမြို့ တောင်ကြီးပညာရေးဒီဂရီကောလိပ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့မှ အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြများကို သက်ဆိုင်ရာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များတွင်လည်းကောင်း၊ အခြေခံပညာဦးစီးဌာနမှ အသစ်ခန့်အပ်သော ဆရာ ဆရာမများအား နိုဝင်ဘာ ၈ရက်မှ ဒီဇင်ဘာ ၈ရက်အထိ စခန်းသွင်းသင်တန်း ပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများက ပို့ချသော သင်ကြားနည်းစနစ်များနှင့် သိသင့်သိထိုက်သော အသိပညာ၊ အတတ်ပညာများကို သင်တန်းကာလအတွင်း မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သင်ယူမှတ်သားကြရန် အထူးတိုက်တွန်းလိုပြီး နိုင်ငံအတွက် အားကိုးရသော ဝန်ထမ်းကောင်း ဆရာဆရာမများဖြစ်ကြပါရန် ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နည်းပြ၊ သရုပ်ပြသစ်လွင်များနှင့် အခြေခံပညာဆရာ၊ ဆရာမသစ်လွင်ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့သည် တောင်ကြီးတက္ကသိုလ်၏ကျိုင်းတုံခန်းမ၌တောင်ကြီးတက္ကသိုလ်နည်းပြ၊ သရုပ်ပြဆရာ ဆရာမ သစ်လွင်များကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲတက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ်တွင် အသစ်ခန့်ထားသည့် နည်းပြ၊ သရုပ်ပြဆရာ ဆရာမသစ်လွင်များ မွမ်းမံသင်တန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများအား လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

ပညာရေးသတင်းလွှာ အယ်ဒီတာအဖွဲ့

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ခ | ဥက္ကဋ္ဌ | အဖွဲ့ဝင်များ |
| ဦးမြတ်ထွန်း | ဒုတိယဥက္ကဋ္ဌ | ဒေါက်တာနှင်းယုလွင်၊ ဒေါ်အိမြိုးဝင်း၊ |
| ဒေါ်ခင်နှင်းရီ | အတွင်းရေးမှူး | ဦးစိုးအောင် |

## “စိတ်ရောင်စုံ အလှပိုင်ရှင် မြန်မာ” စာအုပ်အကြောင်း တစေ့တစောင်း

ခင်နှင်းရည်(ရန်ကုန်တက္ကသိုလ်)

၂၀၁၁ ခုနှစ် ဇူလိုင်လက ထွက်ရှိခဲ့သောစာအုပ်ဖြစ်သည့် မောင်ခင်မင်(ဓနုဖြူ)၏ “စိတ်ရောင်စုံအလှပိုင်ရှင်မြန်မာ”စာအုပ်ကို တွေ့ရှိဖတ်ရှုခဲ့ပါသည်။

စာရေးသူသည် မြန်မာစာပေတွင်ထင်ဟပ်လျက်ရှိသည့် မြန်မာစာပေကိုလေ့လာပြီး မြန်မာ့စိတ်ဓာတ်ကို ဖော်ထုတ်၍ မြန်မာစာပေအရေးအဖွဲ့များ၊ စာတွေ့ကိုယ်တွေ့အကြောင်းများကို အခြေပြု၍ “မြန်မာ့စိတ်”ကိုဖော်ကျူးထားသော “စိတ်ရောင်စုံ အလှပိုင်ရှင်မြန်မာ”စာအုပ်ကို ပြုစုထားခြင်းဖြစ်သည်။

စာဆိုအသီးသီးတို့က မြန်မာ့စိတ်ကို ခေတ်အဆက်ဆက်ကလည်း သုတရသစာပေများတွင် ပုံဖော်ရေးသားခဲ့ကြသည်။ မြန်မာ့စိတ်နှင့်ပတ်သက်၍ ရှုထောင့်အမျိုးမျိုးမှ အမြင်အမျိုးမျိုးဖြင့် ပုံဖော်ထားသော စာအများအပြားရှိခဲ့သော်လည်း စာဆိုသည် မြန်မာ့စိတ်ကို “စိတ်ရောင်စုံ အလှပိုင်ရှင်မြန်မာ” စာအုပ်ဖြင့်တစေ့တစောင်းပုံဖော်၍ ၎င်းစာအုပ်ကို ပြုစုရေးသားထားသည်ကို တွေ့ရှိရပါသည်။

စာရေးသူသည် မြန်မာ့စိတ်ကို ပုံဖော်ကြည့်သောအခါ တစ်ကြောင်းဆွဲမဟုတ်ဘဲ အရောင်အသွေးအမျိုးမျိုး လှပစွာဖွဲ့ယှက်နေကြောင်း တွေ့မြင်ရသည်မှာ လေးစားဖွယ်ကောင်းသော၊ မြတ်နိုးဖွယ်ရာကောင်းသော ဂုဏ်ယူဖွယ်ရာ အရောင်အသွေးမျိုးစုံဖြင့် တွေ့မြင်ရ၍ “စိတ်ရောင်စုံအလှပိုင်ရှင်မြန်မာ”ဟု အမည်ပေးကာ ဆောင်းပါးပေါင်း(၂၂)ပုဒ်ဖြင့် သုတရသစုံလင်စွာ မြန်မာ့စိတ်ဓာတ်ကို စာပန်းချီချယ်သပြခဲ့သည်။

မြန်မာ့စိတ်ဓာတ်ကို တစေ့တစောင်းပုံဖော်ကြည့်သောအခါ မြန်မာ့စိတ်ဓာတ်သည် ကျေးဇူးသိတတ်မှုဖြင့် အခြေတည်ခဲ့ကြောင်း သက္ကရာဇ် အခိုင်အမာပါရှိသော အစောဆုံးမြန်မာစာဟု ပညာရှင်များက အသိအမှတ်ပြုသည့် ရာဇကုမာရ်(မြစေတီ)ကျောက်စာတွင် ရာဇကုမာရ်၏ ကျေးဇူးသိတတ်မှုနှင့် အစပြုခဲ့ကြသော ကျေးဇူးသိတတ်သည့် မြန်မာများဖြစ်ကြောင်း ကျောက်စာကမှည်း မှတ်တမ်းတင်ရေးထိုးထားသည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာ့လေ့ကို ထင်ဟပ်ပြနေသည့် “မြန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုး”“ရပ်ဆွေရပ်မျိုး”“အရပ်ကောင်းမှ အလောင်းလှ” ဆိုသောစကားများကလည်း ဖော်ရွေခင်မင်တတ်သော၊ ရိုင်းပင်းကူညီတတ်သော မြန်မာတို့၏ရင်ထဲနှလုံးသားထဲ အစဉ်အဆက် ကိန်းအောင်းနေသော စိတ်ဓာတ်များပင်ဖြစ်သည်။

မြန်မာ့စိတ်ထား၊ မြန်မာ့စရိုက်သည် လျှော့နံ့ဓားထက်တရားသေဆန်သော စိတ်ထားမျိုး စရိုက်မျိုးမဟုတ် အလိုက်သင့် အတင်း၊ အလျော့ အတိုး၊ အဆုတ်လုပ်၍ရသော ပျော့ပျောင်းသိမ်မွေ့သော စိတ်ထားမျိုးစရိုက်မျိုးပင်ဖြစ်သည်။

ဗုဒ္ဓ၏အဆုံးအမကို အလေးအမြတ်ခံယူသော မြန်မာတို့သည် သည်းခံခွင့်လွှတ်သည့် စိတ်ဓာတ်ကို စိတ်ကောင်းစိတ်မြတ်အဖြစ် တန်ဖိုးထားကြသည်။ ဘုရားရှင်ဖြည့်ဆည်းခဲ့သော ပါရမီဆယ်ပါးတွင် တစ်ပါးအပါဝင်ဖြစ်သည့် ခန္တီပါရမီကို စံပြုဖွယ်အကျင့်အမြတ်အဖြစ် နားလည်လက်ခံခဲ့ကြသည်။




ဗုဒ္ဓ၏အဆုံးအမကို အလေးအမြတ်ခံယူသည်နှင့်အညီ မင်္ဂလာတရားတော် (၃၈) ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော “မိမိကိုယ်ကိုနှိမ့်ချခြင်း” ဟူသည့် နိဝါတမင်္ဂလာကို အလေးအမြတ်ကျင့်သုံးကြသူများလည်းဖြစ်သည်။

ရှေးပုဂ္ဂိုလ်များ စတင်ခဲ့သော အစဉ်အလာတစ်ခုကို နောက်ပုဂ္ဂိုလ်များက လေးစားထိန်းသိမ်းခဲ့ကြသူများဖြစ်သည်။ မြန်မာများ၏စိတ်သည် ရွှင်ပြရယ်မောတတ်သော လူကိုပဓာနထားသော၊ အစဉ်အလာကို တန်ဖိုးထားသော၊ နိဝါတတရားကို အလေးထားသော၊ လျှူဒါန်းပေးကမ်းလိုစိတ် ထက်သန်သော၊ တရားသိသော၊ ဆရာကိုအလေးအမြတ်ပြုသော၊ မောင်တစ်ထမ်းမယ်တစ်ရွက် စိတ်ဓာတ်ရှိသော၊ ကြီးသူကိုရိုသေသော၊ ဆွေမျိုးကိုအလေးထားသော၊ ဧည့်ဝတ်ကျေပွန်မှုကို အလေးထားသော၊ တိုင်းရင်းသားချင်း ချစ်ကြည်စည်းလုံးသော၊ ဘဝကိုဘာသာတရားဖြင့်ဖွဲ့ယှက်ထားသော၊ သုတကိုနှစ်သက်ခုံမင်သော၊ သံသရာရေးကို အလေးဂရုပြုသော မြန်မာတို့၏ ဂုဏ်ယူဖွယ် အရောင်အသွေးများပိုင်ဆိုင်ထားကြသည်ကို “စိတ်ရောင်စုံအလှပိုင်ရှင်မြန်မာ”စာအုပ်က မီးမောင်းထိုးပြထားပါသည်။

စာရေးသူရေးသားပြုစုသည့် “စိတ်ရောင်စုံအလှပိုင်ရှင်မြန်မာ”စာအုပ်တွင် မြန်မာတို့၏စိတ်ကို တစေ့တစောင်းတွေ့မြင်ရ၍ မြန်မာ့စိတ်သည် တစ်ကြောင်းဆွဲမဟုတ်ဘဲ အရောင်အသွေးအမျိုးမျိုး လှပစွာဖွဲ့ယှက်နေကြောင်း တွေ့မြင်ကြရသည်။ မောင်ခင်မင်(ဓနုဖြူ)၏စာအုပ်သည် ပစ္စုပ္ပန်သံသရာအရေးကို အလေးဂရုပြုသော မြန်မာ့စိတ်ဓာတ်ကို အထင်အရှားဖော်ပြသည့် စာအုပ်ဖြစ်ကြောင်း ဖတ်ရှုခံစားမိသမျှကို လက်ဆင့်ကမ်းဖြန့်ဝေမှုပြုလိုက်ရပါသည်။

# ပညာရေးသတင်းလွှာ

၁၀

## "ကကြီး ခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်"

ဒေါက်တာထွန်းတင့်

မြန်မာဘာသာတွင် ကကြီး၊ ခခွေးဟူသောဗျည်းအက္ခရာ နှစ်လုံးကို အစပြု၍ ဗျည်းအက္ခရာ သုံးဆယ့်သုံးလုံး ရှိသည်ဟု သတ်မှတ်ခဲ့ကြသည်။ ထိုဗျည်းအက္ခရာများကို ကျနသေချာမတတ်သေးလျှင် မြန်မာတစ်ယောက်အဖို့ လူရေးလူရာ လူ့ကိစ္စ၊ လူ့အရည်အသွေးညံ့နေသည်ဟု ဆိုလိုသည်။ ထိုဗျည်းအက္ခရာများကို ကျနသေချာ မတတ်သေးလျှင် မြန်မာဗျည်းများ မြန်မာသရများကို တိုးတက်လေ့လာတတ်မြောက်သင့်သည်ဟု မှတ်ယူရမည်။



သ။ ။ သသည် မြန်မာဗျည်းအက္ခရာသုံးဆယ့်သုံးလုံးတွင် အလုံးသုံးဆယ်မြောက်ဗျည်းအက္ခရာဖြစ်သည်။ အမည်သီးခြားမရှိ သဟုပင်ခေါ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်၏ အဆိုအရအနာမိကဟုမှတ်ရသည်။ အဝဂ်ဗျည်းအက္ခရာ ရှစ်လုံးတွင် တစ်လုံးအပါအဝင်ဖြစ်သည်။ သ တစ်လုံးတည်းသာ အဃောသဗျည်းဖြစ်သည်။ သံနု့ဗျည်းဟုလည်းကောင်း၊ သံညင်းဗျည်းဟုလည်းကောင်း ခေါ်သည်။ ပါဠိဘာသာတွင်လည်း ဒန္တဇအက္ခရာ၊ မြန်မာဘာသာတွင်လည်း ဒန္တဇအက္ခရာပင်ဖြစ်သည်။ သွားအရပ်၌ဖြစ်သောအက္ခရာဟုဆိုလိုသည်။ ပါဠိဘာသာတွင်မူ (စ) သံထွက်သဖြင့် သွားရင်းဖြစ်အက္ခရာ၊ မုဒ္ဓဇအက္ခရာဖြစ်သည်။ သနှစ်လုံး သံယုတ်ဖြစ်သော အခါ သနှစ်လုံးဆင့်ပြီး(ဿ)ဿအသွင်ပုံရိပ်ပြောင်းသည်။ ဿကြီးဟုခေါ်သည်။ ပါဠိဘာသာတွင်လည်း ဿဗျည်း အက္ခရာ မရှိ၊ မြန်မာဘာသာတွင်လည်း ဿဗျည်းအက္ခရာမရှိပါ။ သနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "သအက္ခရာ၌ကား သံယုတ်ရှိမဲ့မထူး။ အက္ခရာလို ဆိုရာ၌ ဆိုပြီးသည်နှင့်လျော်စွာ သ ငယ်ဟူသည်သာ အထူးဖြစ်၏။ ရှေ့နောက်အောက်အထက် ညီဝန်း၍ မယှက်မထွေးခြားနားသိသာလျှင် သင့်တော့သည်။ ဝေါဟာရမှာမူကား ယအက္ခရာမှာကဲ့သို့ ခေါ်ဝေါ်သော အသံမျှသာဟူ၍ လည်းကောင်း၊ ထိုအသံကိုစွဲ၍ ထိုအမည်ဖြစ်၏ ဟူ၍လည်းကောင်း နှလုံးသွင်းရာ၏"ဟူ၍ ရှင်းပြထားပါသည်။ ဆရာတော်သည် ယအကြောင်းကိုရှင်းပြစဉ်က သသည် "အမည်မဟုတ်ရွတ်သံမျှသာဟူ၍ သော်လည်း ယူသင့်၏။ ထိုရွတ်သံကိုစွဲ၍ အမည်ဖြစ်၏ ဟူ၍လည်းကောင်း ယူသင့်၏" ဟုမိန့်မှာခဲ့ပါသည်။

သ သည် စုတ်ချက်နှစ်ချက်ဆွဲအက္ခရာဖြစ်သည်။



ဟ။ ။ ဟသည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် သုံးဆယ့်တစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ အမည်သီးခြားမရှိ ဟ ဟုပင်ခေါ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်၏ အဆိုအရ အနာမိကဟုမှတ်ရသည်။ အဝဂ်အက္ခရာရှစ်လုံးတွင် တစ်လုံးအပါအဝင်ဖြစ်သည်။ ဃောသအက္ခရာဖြစ်သည်။ သံထင်ဗျည်း၊ သို့မဟုတ် သံပြင်းဗျည်းဟုခေါ်သည်။ ကဏ္ဌဇအက္ခရာဖြစ်သည်။ လည်ချောင်းဖြစ်အက္ခရာဟုဆိုလိုသည်။ ပါဠိဘာသာတွင်လည်း ကဏ္ဌဇအက္ခရာ၊ မြန်မာဘာသာတွင်လည်း ကဏ္ဌဇအက္ခရာဖြစ်သည်။ ဟသည် င ည ဏ န မ ယ ရ လ ဝ တို့နှင့်ယှဉ်တွဲ၍ အောက်၌ဆွဲသောအခါ ဟဆွဲဟူ၍လည်းကောင်း၊ ဟထိုးဟူ၍လည်းကောင်း ခေါ်သည်။ ဟ ၏ပုံရိပ်အသွင်လည်းပြောင်းသည်။ (ငှ၊ ညှ၊ ဏှ၊ နှ၊ မှ၊ ယှ၊ ရှ၊ လှ၊ ဝှ။) ဟသည် သုဒ္ဓကြိယာကို ကာရိုက် ကြိယာဖြစ်စေသော သတ္တိရှိသည်။ ဟအက္ခရာနှင့် ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဟ အက္ခရာ၌လည်း သံယုတ်ဖြစ်ခါ အထက်၌လည်းကောင်း၊ အောက်၌လည်းကောင်း ယှဉ်ရာ၏။

ထိုတွင်အောက်၌ယှဉ်သောအခါ အသွင်ဖောက်၏။ အချို့ကား အသွင်မဖောက်။ ဟအက္ခရာ အသွင်ပီအောင်ဆွဲ၏။ အချို့ကား အသွင်ဖောက်၏။ ထိုသို့ဖောက်သည်ကား နောက်အမှီသရနှင့် စပ်သည်သာမဟုတ်ဘဲ လျက်ဆွဲလိုသော အက္ခရာ၏ နောက်အဖို့အောက် အစွန်းမှစပ်၍သာ ရှေ့သို့ ညွှတ်ကွေး၍ရေးကုန်၏။ ထိုသို့ရေးရာ၌ သဘောအားဖြင့်ကား ဟအက္ခရာ၏အသွင်မပီပြင်လှသော်လည်း ဟ၏ နောက်ထက်ဝက်အောက်သို့ ကွေးညွှတ်သောကြောင့် အောက်သို့ ကွေးညွှတ်သောအသွင်ကို တစိုးတစိမျှ နောက်အဖို့၌ ထင်စေ၍ အောက်တူ ရှုင်ပြီးလျှင် ရှေ့သို့ကွေးညွှတ်ပါမူကား ဟ၏အသွင်စိုးစဉ်းတင်သောကြောင့် သဘောရှိ၏။ ထိုသို့သော်လည်း အရေးတွင်သည်တစ်ကြောင်း၊ သိသာပြီ တစ်ကြောင်းဖြစ်၍ အထူးမဆိုသာသကဲ့သို့ရှိ၏။ ဟတွင် ဝ ဆွဲ၊ ယပင့်၊ အရစ်စသည်ဖြင့်ရှိသည်ကား ဟအက္ခရာသည် အထက်၌တည်သည်ဖြစ်၍ အသွင်မဖောက်လေ" ဟူ၍ ရှင်းပြထားပါသည်။

ဟသည် စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။

# Zoom အသုံးပြုနည်း

ခိုင်တီလင်း

## Zoom Meeting တက်ရောက်ခြင်း

Zoom Meeting တက်ရောက်နိုင်ရန်အတွက် သင့်ဆီကို e-mail မှ Link သို့မဟုတ် Meeting ID နှင့် Passcode ကိုပေးပို့ပါမည်။ Link , ID နှင့် Passcode ကိုအသုံးပြု၍ Zoom Meeting ထဲသို့ဝင်ရောက်နိုင်ပါ သည်။ Zoom အသုံးပြု၍ သင်တန်းများ၊ အစည်းအဝေးများတက်ရောက်ရန် အောက်ပါအဆင့်များကို အသုံးပြု ရပါမယ်။

သင်၏ e-mail ကို အစည်းအဝေး သို့မဟုတ် သင်တန်းတက်ရောက်ရန် Link ပို့ထားမည်ဆိုပါက ထို Link ကိုနှိပ်ရင် Zoom Meeting သို့ တိုက်ရိုက်ရောက်သွားပါမည်။



သို့မဟုတ်

ID နဲ့ Passcode ကိုပေးပို့ထားရင်လည်း Zoom Meeting သို့ဝင်ရောက်နိုင်ပါသည်။ မိမိ၏ဖုန်း(သို့)ကွန်ပျူတာထဲရှိ Zoom Application Icon ကိုနှိပ်ပါ။ အောက်ပါအတိုင်းပေါ်လာပါမည်။ ပေါ်လာသည့် Box ထဲမှ Join a Meeting ကိုနှိပ်ပါ။




Join a Meeting ကိုနှိပ်ရင် အောက်ပါ Box လေးပေါ်လာမယ်။



နံပါတ် (၁) အကွက်တွင် Meeting ID ကို ရိုက်ပါ။
နံပါတ် (၂) အကွက်တွင် သင့်အမည်ကို ရိုက်ပါ။
နံပါတ် (၃) Join ကို နှိပ်ပါ။ Join ကို နှိပ်လိုက်ရင် Password ရိုက်ရန် Box ပေါ်လာမည်။




Meeting Passcode ထည့်ပါ။ ပြီးရင် Join Meeting ကိုနှိပ်ပါ။ အစည်းအဝေးပြုလုပ်သူမှ သင့်ကိုလက်ခံရင် Meeting ထဲသို့ ရောက်သွားပါလိမ့်မည်။

Meeting **စတင်ခြင်း**

ပထမပုံအတိုင်း ပေါ်လာလျှင် windows မှ Join Audio box တွင်ရှိသော Join with Computer Audio ကိုနှိပ်ပါ။ အောက်တွင်ရှိသော Automatically join audio by computer when joining a meeting ကို အမှန်ခြစ်ထားလျှင် နောက်ထပ် Zoom Application ထဲ ဝင်တိုင်း ထပ်မံနှိပ်စရာမလိုတော့ပါ။ ကွန်ပျူတာက အလိုလိုချိတ်ဆက်သွားပါမည်။




ကင်မရာနှင့်ချိတ်ဆက်ပြီးရင်တော့ အောက်ပါပုံအတိုင်း ပေါ်လာပါမည်။ ကင်မရာဖွင့်၍ အစည်းအဝေးများတက်ရောက်လိုပါက Join with Video ကိုနှိပ်ပါ။ ဒါဆိုရင်တော့ Zoom Meeting ထဲကိုရောက်ရှိပြီး အစည်းအဝေး၊ သင်တန်းများကို တက်ရောက်နိုင်ပြီဖြစ်ပါတယ်။



## အခြေခံစာတတ်မြောက်ရေး ( မြန်မာစာမိတ်ဆက်)

သံဗျင်ငယ်

အခြေခံဖတ်စာ စာစဉ်များပြုစုရာတွင် သတိထားမိသောအချက်မှာ သင်ယူသူသင်တန်းသားများသည် လုပ်ငန်းခွင်အမျိုးမျိုးတွင် လုပ်ကိုင်နေကြသူများဖြစ်ရာ စာရေးစာဖတ် သင်ယူနိုင်ဖို့ အချိန်များစွာ မပေးနိုင်ကြပေ။ အချိန်တိုအတွင်း စာရေးစာဖတ် အမြန်ဆုံးတတ်မြောက်အောင် သင်ရိုးသင်စဉ်အတိုင်း အချိန်ယူပြီး မသင်ပြသင့်ပါ။

အခြေခံစာတတ်မြောက်ရေး (မြန်မာစာ)စာစဉ်တွင် အခန်းပေါင်း (၂၃)ခန်းပါရှိပါသည်။

မြန်မာစာ အခြေခံစာစဉ်များ အပိုင်းတွင် -

စာစဉ်(၁) ဗျည်း+သရ
စာစဉ်(၂) ဗျည်း+ဗျည်းတွဲ+သရ
စာစဉ်(၃) ဗျည်း+ဗျည်းတွဲ+သရ+အသတ် ဟူ၍ ကဏ္ဍခွဲထားပါသည်။

ထို့ကြောင့် သင်ပြမှုရည်ရွယ်ချက်အနေဖြင့် စာဖတ်စာရေးကို မြန်မြန်နှင့်မြဲမြဲ စွဲသွားအောင် သင်ယူနိုင်စေရန်နှင့် စာဖတ်စာရေး သင်ယူလေ့ကျင့်စဉ်ကပင် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ် တိုးပွားစေရန် ဟူ၍ သတ်မှတ်ထားပါသည်။

အခြေခံစာစဉ်များကို ပြုစုရာတွင် အပိုင်း(၂)ပိုင်းခွဲကာ သင်စာအပိုင်းနှင့် လုပ်ငန်းစာအပိုင်းဟူ၍ ကဏ္ဍခွဲပြုစုထားပါသည်။

သင်စာတွင် ဗျည်း၊ သရ၊ ဗျည်းနှင့်သရတွဲစပ်ပုံ၊ ဗျည်းတွဲများ၊ အသတ်ကာရန်များကို သင်ပြရန်ဖြစ်ပါတယ်။

(၎င်းအပိုင်းသည် သင်ပြသူတို့နှင့် သက်ဆိုင်သော သင်စာပိုင်းဖြစ်ပါသည်။)

သင်စာကို သင်ယူသူများ နားရည်ဝ ကျွမ်းကျင်လောက်သောအခါ စွဲစွဲမြဲမြဲတတ်ကျွမ်းစေရန် လုပ်ငန်းစာများကို သင်ယူသူများလက်တွေ့ဖတ်ခြင်း၊ ရေးကူးခြင်း၊ လေ့ကျင့်ခြင်းပြုရန်ဖြစ်ပြီး သင်ယူသူကိုယ်တိုင် လက်တွေ့လေ့ကျင့်ခြင်းဖြင့် စာရေးစာဖတ်စွမ်းရည်တွင် စွဲမြဲသွားစေကာ သင်ပြသူများသည် သင်စာကို ကျေညက်အောင် သင်ပြရန် အထူးအရေးကြီးလှပါတယ်။ သင်စာသည် ဖတ်စာဖတ်နိုင်ရန်အခြေခံဖြစ်ပါတယ်။ သင်စာမကျေလျှင် ဖတ်စာအပိုင်းတွင် အခက်အခဲတွေ့နိုင်ပါသည်။

သင်စာသင်နည်းများတွင် ရှေးရိုးသင်ပုန်းကြီးနည်းနှင့် ခေတ်သစ်နည်းခေါ် (အသံထွက်နည်းဟူ၍)နှစ်မျိုးရှိပြီး သင်ပြသူများသည် ရှေးရိုးသင်ပုန်းကြီးနည်းနှင့် သင်သင်၊ အသံထွက်နည်းနှင့်သင်သင် အဓိကအရေးကြီးသည်မှာ တိုက်ရိုက်အသံထွက် ဖတ်နိုင်မှုကို အားပေးသင်ပြရန် ဖြစ်ပါသည်။

လုပ်ငန်းစာကတော့ အခြေခံစာစဉ်များကို ပြုစုရာတွင် အခြေခံသင်စာအပိုင်းကို မူတည်၍သင်ယူသူများ ကိုယ်တိုင်ရွတ်ဖတ်၊ ရေးမှတ်နိုင်ရန် လက်တွေ့လုပ်ငန်းများကို စုံလင်စွာ ချမှတ်ထားပါသည်။

သင်စာပြီးတိုင်း သင်စာကို ဖတ်စေခြင်း၊ ကူးရေးစေခြင်း၊ ရုပ်ပုံကိုကြည့်၍ စာပိုဒ်ကိုဖတ်စေခြင်းစသော လက်တွေ့လုပ်ငန်းများသည် သင်စာကို ကျေညက်စေ၍ သိပြီးသားသင်စာကို နောင်မမေ့နိုင်တော့ဘဲ စွဲစွဲမြဲမြဲ မှတ်မိနိုင်အောင် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

ထို့ကြောင့် အခြေခံစာစဉ်များသည် မြန်မာဖတ်စာ သက်သက်မဟုတ်၊ လေ့ကျင့်ခန်းနှင့် လက်ငင်းအကဲဖြတ်မှုပူးတွဲပါသော လက်တွေ့မြန်မာစာဖြစ်သည်ကို သတိပြုစေလိုပါသည်။

ဖတ်စာသင်ပြမှုအနေဖြင့် သင်စာကိုအခြေပြုလျက် မြန်မာဝေါဟာရစာလုံးများ ဗဟုသုတဖြစ်ဖွယ်၊ သင်ခန်းစာ ပေးဖွယ်၊ ဖတ်စာများကို ပြုစုထားပါသည်။

ထိုဖတ်စာတို့ကို သင်ယူသူများ ကိုယ်တိုင်ကြိုးစားဖတ်ကြရန်နှင့် အခက်အခဲရှိသောသူများကို သင်ပြသူများက ကူညီလမ်းညွှန်ရန်ဖြစ်ပါတယ်။ သင်ယူသူများ ကိုယ့်အားကိုယ်ကိုး၍ ရေးတတ်ဖတ်တတ်အောင် လမ်းညွှန်သင်ပြရန် လိုအပ်ပါသည်။

သင်ပြရာတွင် သဘောပေါက်မှုကို အထောက်အကူပြုစေသော ရုပ်ပုံများ၊ ကားချပ်များ၊ သင်ထောက်ကူများကိုလည်း ဖန်တီးတီထွင်အသုံးပြုသင်ပြရန် တိုက်တွန်းလိုပါသည်။

အကဲဖြတ်မှုကို တင်ပြရလျှင်-

သင်စာကို မည်မျှ ဖတ်နိုင်၊ ရေးနိုင်သည်၊ ဖတ်စာကို မည်မျှဖတ်နိုင်၊ ရေးနိုင်သည်ကို သီးခြားစစ်ဆေးအကဲဖြတ်ရန် မလိုပါ။

လုပ်ငန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ များဖြစ်သော ဖတ်ပါ၊ ရေးပါ၊ ကူးရေးပါ၊ ရုပ်ပုံကိုကြည့်၍ဖတ်ပါ၊ ပုံစာရေးပါ၊ စသော လုပ်ငန်း(၆)ရပ်သည် သင်ယူသူတို့လက်တွေ့လုပ်ငန်းများဖြစ်ရာ ထိုသို့ ရေး၊ ဖတ်၊ ကူး၊ ပုံစာဖတ်နိုင်မှုများ၏ အခြေအနေကို သင်ပြသူတို့က အကဲဖြတ်စစ်ဆေးနိုင်ပါသည်။

သင်ပြရင်းစစ်ဆေး၊ စစ်ဆေးရင်းသင်ပြဆိုသော ကွဲကူးရေပါနည်းကို အသုံးပြုသင့်ပါတယ်။ သင်ယူသူ အချင်းချင်းဖြစ်စေ၊ သင်ပြသူကဖြစ်စေ တတ်မြောက်မှုကိုအကဲဖြတ်ရန်ဖြစ်ပါတယ်။ စာမေးပွဲပုံစံမျိုးမဖြစ်စေရန် သတိပြုရပါမည်။

သင်ယူသူများနှင့်ပတ်သက်၍ အောက်ပါတို့ကို သတိပြုရန် လိုအပ်ပါသည် -

(က) သင်ယူသူများ၏ အခြေအနေ

(ခ) သင်ယူသူများ၏ သဘာဝ

(ဂ) ဘာသာစကား သင်ကြားခြင်းတို့ပဲ ဖြစ်ပါတယ်။

(က) သင်ယူသူများ၏ အခြေအနေကို တင်ပြရလျှင်-

စာရေးစာဖတ်သင်ယူကြမည့်သူများသည် အသက်အရွယ်အားဖြင့် (၁၅)နှစ်မှ (၄၅)နှစ်အရွယ် လူငယ်များနှင့်သက်ကြီးများဖြစ်ကြရာ အတွေ့အကြုံအမျိုးမျိုး ရှိနေတတ်ကြပါတယ်။ လုံးဝစာမတတ်သူများ၊ အနည်းအကျဉ်း ရေးတတ် ဖတ်တတ်သူများဟူ၍ နှစ်မျိုးပိုင်းခြားနိုင်ပါတယ်။ ထိုကဲ့သို့ ကွဲပြားခြားနားသော သင်ယူသူများကို စာဖတ်ဝိုင်း၊ စာသင်ဝိုင်းဖွဲ့ရာတွင် အခြေခံသဘောသဘာဝတူရာ အုပ်စုခွဲ၍ သင်ပြပေးနိုင်လျှင် သင်ပြမှုပိုမိုထိရောက်နိုင်ပါသည်။

(ခ) သင်ယူသူများ၏သဘာဝမှာ -

သင်ယူသူများသည် လူငယ်များနှင့်သက်ကြီးများဖြစ်ရာ စာပေတတ်ကျွမ်းမှုမရှိသော်လည်း ဘဝအတွေ့အကြုံ လုပ်ငန်းအတွေ့အကြုံများရှိနေတတ်ကြပါတယ်။ အဆိုပါပုဂ္ဂိုလ်များကို စာသင်ဝိုင်းသို့ သင်ယူသူအဖြစ် လာရောက်ရန် စည်းရုံးလှုံ့ဆော်ရာတွင် ဆရာတပည့်ပုံစံမျိုး၊ စာသင်ကျောင်းပုံစံမျိုးမဖြစ်သင့်ပေ။ ကူညီသင်ပြသူနှင့် လေ့လာသင်ယူသူအဖြစ် နွေးနွေးထွေးထွေး ဆက်ဆံပြောဆိုသင့်ပါတယ်။ စာမဖတ်တတ်သူများ၊ စာမတတ်သူများဟူ၍ခွဲခြားပြောဆိုဆက်ဆံခြင်း မပြုသင့်ပါ။

လူ့အသိုင်းအဝိုင်းတွင် ဤကဲ့သို့သတ်မှတ်ခံရခြင်းကို လူငယ်ရော၊ လူကြီးပါ မနှစ်သက်ကြပါ။ စာရေးစာဖတ်တတ်ကျွမ်းလျှင် မိသားစုဝင်ငွေတိုး၍ လုပ်ငန်းများတွင် အကျိုးရှိနိုင်ပုံ၊ စိုက်ပျိုးရေးအသိ၊ မွေးမြူရေးအသိ၊ ကျန်းမာရေးအသိ တိုးပွားနိုင်ပုံ၊ ဗဟုသုတအတွေးအခေါ် တိုးတက်နိုင်ပုံတို့ကို ဆွေးနွေးဟောပြော စည်းရုံးသင့်ပါတယ်။ စာမတတ်ခြင်း အပြစ်ကိုမပြောဘဲ စာတတ်ခြင်းကြောင့် အကျိုးရှိပုံကိုသာ ပြောဆိုသင့်ပါသည်။

(ဂ) ဘာသာစကား သင်ကြားခြင်းအနေဖြင့် -

သင်ယူသူပုဂ္ဂိုလ်များသည် ဘာသာစကားကျွမ်းကျင်မှု လေးမျိုးဖြစ်သော အနားအကြား၊ အပြောအဆို၊ အဖတ် အရွတ်၊ အရေးအသားတွင် နားကြားတတ်သူ သဘောပေါက်သူ ပြောဆိုတတ်သူများ ဖြစ်ကြပါသည်။

လိုအပ်ချက်မှာ စာဖတ်နိုင်မှုနှင့် စာရေးနိုင်မှုသာဖြစ်ရာ စာသင်ပြရာတွင် မည်သို့ဖတ်ရသည်၊ မည်သို့ရေးရသည် ဆိုသော ကျွမ်းကျင်မှု(၂)မျိုးကိုသာ အဓိကဦးတည်တင်ပြဖို့ လိုအပ်ပါသည်။

ထိုသို့တင်ပြရာတွင် လူငယ်လူရွယ်နှင့် လူကြီးများဖြစ်၍ စကား၏ အဓိပ္ပာယ်၊ ဝေါဟာရ၏အဓိပ္ပာယ်၊ ဝါကျ၏ အဓိပ္ပာယ်၊ စာပိုဒ်၏အဓိပ္ပာယ်တို့ကို ကလေးငယ်များအား ရှင်းပြသကဲ့သို့ အသေးစိတ် ရှင်းလင်းပြောပြရန် မလိုအပ်သည်ကို သတိပြုရပါမည်။

နေ့စဉ် မြန်မာစကားမသုံးသူ တိုင်းရင်းသားများအတွက်မူ အခြေခံစာစဉ်များကို လက်သုံးပြုလျက် သင်ယူသူတို့၏သဘောသဘာဝနှင့် ကိုက်ညီမှုရှိအောင် လိုအပ်သလို ပြင်ဆင်ဖြည့်စွက်တီထွင်အသုံးပြုနိုင်ပါသည်။

သင်ပြသူများအနေဖြင့် -

လုံးဝစာမတတ်သေးသောသူများကို စာတတ်သွားရန်နှင့် အနည်းအကျဉ်း ရေးတတ်ဖတ်တတ်သူများကို ပို၍တတ်မြောက်သွားရန်၊ ပို၍ကျွမ်းကျင်စေရန်အတွက် ကူညီလမ်းညွှန်ပေးရန် ဖြစ်ပါသည်။

မြန်မာဘာသာတွင် ကကြီး၊ ခခွေး ဟူသော ဗျည်းအက္ခရာနှစ်လုံးကို အစပြု၍ ဗျည်းအက္ခရာ သုံးဆယ့် သုံးလုံး ရှိသည်ဟု သတ်မှတ်ခဲ့ကြပါသည် -

က၊ ခ၊ ဂ၊ ဃ၊ င
စ၊ ဆ၊ ဇ၊ ဈ၊ ည
ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ
တ၊ ထ၊ ဒ၊ ဓ၊ န
ပ၊ ဖ၊ ဗ၊ ဘ၊ မ
ယ၊ ရ၊ လ၊ ဝ၊ သ
ဟ၊ ဠ၊ အ တို့ ဖြစ်ပါတယ်။

ဗျည်းအက္ခရာ( ၃၃ )လုံးအား ရေးဆွဲနည်းပေါ်မူတည်ပြီး အုပ်စု(၃)စု ခွဲခြားဖော်ပြထားပါတယ်။ တစ်ချက်ဆွဲ ဗျည်းအက္ခရာ အုပ်စု၊ နှစ်ချက်ဆွဲဗျည်းအက္ခရာ အုပ်စု၊ သုံးချက်ဆွဲဗျည်းအက္ခရာ အုပ်စုတို့ဖြစ်ပါတယ်။ တစ်ချက်ဆွဲ ဗျည်းအက္ခရာအုပ်စုကို ဖော်ပြရလျှင်-

ခ ၊ ဂ ၊ င ၊ စ ၊ ဇ ၊ ဋ ၊ ဌ
ဍ ၊ ဒ ၊ ဓ ၊ န ၊ ရ ၊ ဝ ၊ ဠ တို့ ဖြစ်ပြီး နှစ်ချက်ဆွဲ ဗျည်းအက္ခရာ အုပ်စုကို ဖော်ပြရလျှင်-

က ၊ ဆ ၊ ည ၊ ဎ ၊ တ ၊ ထ
ပ ၊ ဘ ၊ မ ၊ လ ၊ သ ၊ အ တို့ဖြစ်ကာ သုံးချက်ဆွဲ ဗျည်းအက္ခရာ အုပ်စုကို ဖော်ပြရလျှင်-

ဃ၊ ဈ၊ ဏ၊ ဖ၊ ဗ၊ ယ၊ ဟ တို့ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် သင်နည်းလမ်းညွှန်တွင် ပါဝင်အကြံပြုချက်များကို အခြေခံလျက် ကာလဒေသ၊ သင်ယူသူတို့၏ စရိုက်သဘာဝနှင့်ကိုက်ညီအောင် တိုးချဲ့ကြံဆ တီထွင်သင်ပြနိုင်ပါသည်။

ဤစာစဉ်ဖြင့် စာရေး စာဖတ် မတတ်သေးသောပုဂ္ဂိုလ်များ မြန်မြန်နှင့် မှန်မှန်တတ်မြောက်သွားအောင် စီစဉ်ထားပါတယ်။ စာရေးစာဖတ် မြန်မြန်နှင့် မှန်မှန်စွဲမြဲစွာ တတ်မြောက်အောင် သင်ကြားပေးနိုင်လျှင် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်စာတတ်မြောက်ရေးလုပ်ငန်း ထိရောက်အောင်မြင်နိုင်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

ကိုးကားစာရင်း-

(၁) ကကြီး ခခွေး မတတ်သေး လူရေးညံ့တော့သည်(ဒေါက်တာထွန်းတင့်၊ ပညာရေး သတင်းလွှာ။)

(၂) အခြေခံစာတတ်မြောက်ရေး အခြေခံစာစဉ်များ သင်နည်းလမ်းညွှန်။

ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

(၃) အခြေခံစာတတ်မြောက်ရေး (မြန်မာစာ)

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

# ပညာရေးသတင်းလွှာ

၁၅

## ပညာရေးသတင်းလွှာ ကြီးကြပ်ရေးအဖွဲ့

ဥက္ကဋ္ဌ
ဒေါက်တာဇော်ဝင်း

ဒုတိယဥက္ကဋ္ဌ
ဦးသန့်ဇင်ထွန်း

အတွင်းရေးမှူး
ဒေါ်ကြည်ကြည်ခ

အဖွဲ့ဝင်များ
ဦးမြတ်ထွန်း
ဦးမျိုးအောင်
ဦးဇော်ဝင်း

တာဝန်ခံအယ်ဒီတာ
ဒေါ်ခင်နှင်းရီ

ကွန်ပျူတာ
ဦးသိန်းဝင်းကို
ဒေါ်ဖြူဖြူဝင်း

မြန်မာ့ခြေရေး
ဦးသိန်းဝင်းကို

တန်ဖိုး
အခမဲ့ ဖြန့်ဝေသည်။

## မြန်မာပြည် တိုးတက်ရေး

မြိုးဆက်(ရေစကြို)

တိုင်းပြည်နယ် ဖွဲ့စည်းထား
တိုင်းရင်းသား ညီနောင်တွေ
ချစ်ခင်စွာ အတူလက်တွဲ
ဆင်နွှဲစို့လေ။
အမုန်းမဖက် ပြုံးပန်းဝေ
ကျက်သရေ မင်္ဂလာရှိ
ဖွံ့ဖြိုးရန် တာဝန်ထမ်း
ကြိုးပမ်းသင့်၏။

တို့မြန်မာ တိုးတက်ရေး
ရင်မှာတွေး စိမ်ကာ
အဖျက်ရန် တို့မကြောက်
ဆက်လျှောက်ရမှာ
စည်းလုံးခြင်း ဦးတည်ရာ
အောင်မြင်လာ ပန်းတိုင်ရောက်
မျိုးချစ်တွေ ဖွဲ့စိတ်ကောင်းနဲ့
စုပေါင်းဆက်လျှောက်။

နိုင်ငံတော် လမ်းစဉ်များ
အတူတူသွား ကြိုးစားရန်
ကျင့်ဝတ်တွေ အစဉ်ထိန်းမှ
ငြိမ်းချမ်းလမ်းမှန်
သစ္စာရှိ အတွေးအကြံ
မွမ်းမံလို့ နှလုံးသွင်း
တိုင်းပြည်ဂုဏ် ဆောင်နိုင်ရေးကို
တွေးဆကောင်းခြင်း။

**စာမူဖိတ်ခေါ်ခြင်း**

ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနက လစဉ်ပုံမှန်ထုတ်ဝေလျက်ရှိသော ပညာရေးသတင်းလွှာတွင် သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်စသည်ဖြင့် ရေးသားဖော်ပြလိုပါက စာမူများအား အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-


ဖုန်း – ၀၁–၅၀၁၄၆၂၉၊ ၀၆၇၃–၄၃၀၅၀၅၊ ၀၉–၄၂၈၃၀၃၂၅၄၊
ဖက်စ် – ၀၁–၅၀၁၄၆၂၉၊ ၀၆၇၃–၄၃၀၅၀၅
Email – onlinenews426@gmail.com

ပုံနှိပ်သူ –

# ပညာရေးသတင်းလွှာ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး





တိုးတတ်အောင်မြင် ပန်းတိုင်ဆီ
ခင်နှင်းရည်(ရန်ကုန်တက္ကသိုလ်)

♦ ညီညာမနွေး ခင်မင်စွာ
လက်တွဲကြမယ်ကွာ။

♦ ပန်းတိုင်ရောက်အောင် ကျောင်းကိုသွား
စာကြိုးစားစို့လား။

အေးချမ်းပျော်ရွှင် ပညာသင်
အင်ကြင်းခိုင်(ရန်ကုန်တက္ကသိုလ်)

♦ ကျောင်းသား ကျောင်းသူ မောင်မယ်တွေ
ကျောင်းတော်ကြီးမှာနေ။

♦ အေးချမ်းပျော်ရွှင် သင်ကြားရေး
သင်အံ ဖတ်မှတ်တွေး။



ထုတ်ဝေသူ – ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနက အခမဲ့ထုတ်ဝေဖြန့်ချိသည်။